
ဝိညာဉ်မိစ္ဆာ ဒွေးသံသရာ

## အပိုင်း (၁)

နေမင်းက အလွန် ပူပြင်းလှစွာဖြင့် သူ၏ စွမ်းပကားကို လောကတွင်းသို့ သက်ဆင်း ကျရောက် နေစေသည် ။ တော်ရုံ အပူဒဏ်အား ခံနိုင်သူတို့ ပင် ယခုကဲ့သို့ ပူပြင်းသော နေကိုမူကား အရိပ်အာဝါသ မရှိလျှင် အန်တုမည် မဟုတ်ပါချေ။ သို့သော်လည်း လောကတွင် အလွန် ထူးဆန်းသော အရာများ သည် က သဘာဝကို လွန်ဆန် ဆန့်ကျင်လျက် ရှိတတ်လေသည် ယခုလည်း ထိုမျှ ပူလောင်လွန်းလှသော နေကို လုံးဝ မမှုသည့် အပြင် နေပူခံထိ၍ ထားသော အလွန်ပူပြင်းသည့် ကျောက်တုံးကြီး တစ်ခုထက်တွင် လူတစ်ယောက်က အေးဆေး သက်သာစွာ တရားထိုင်ဟန် ပုံသဏ္ဍာန်ဖြင့် ငြိမ်သက်စွာ ထိုင်နေလေသည် ။

၎င်း အခြင်းအရာအား တခြားသူတို့ မြင်တွေ့ပါလျှင် သက်ရှိပင် မဖြစ်နိုင်ဟူ၍ ထင်သွားနိုင်သည် ။ အကြောင်းမှာ မူ ထိုသူထိုင်နေသော နေရာမှာ အတော်ပင် မြင့်သော ဥတစ်လုံးတောင် ဖြစ်ပြီး ကျောက်တောင် တစ်ခု ဖြစ်သလို သစ်ရိပ် ဝါးရိပ် လုံးဝ မရှိပါချေ။ ပို၍ ထူးဆန်းသည် မှ ထိုသူမှာ လူငယ် တစ်ယောက် ဖြစ်နေပြီး အသက်အားဖြင့် နှစ်ဆယ်ကျော်ခန့်သာ ရှိဦးမည် ဖြစ်ကာ ဝင်းဝါ စိုပြည်သော အသားအရေ ထူထဲ နက်မှောင်သော မျက်ခုံး ဝိုင်းစက် ကြည်လင် နေသော မျက်ဝန်းမှာ မူ ကြယ်စင်များ ပမာ စူးရှတောက်ပ နေပြီး ဖြောင့်စင်းသော နှာတံအောက်မှ တင်းတင်းစေ့ ပိတ်ထားသော နှုတ်ခမ်းပါးတို့ ကြောင့် လွ

န်စွာမှ ပင်လျှင် လက်ရာမြောက် လှသော ပန်းပုဆရာ တစ်ဦးမှ စိတ်ကူးဖြင့် ထုဆစ်ကာ လာရောက် ချထားသည့် ရွှေစင်ရုပ်တု တစ်ခု ဟု ထင်မှတ်မှားနိုင် လေသည်။

သို့သော် ထိုသူမှာ သက်ရှိ လူသား ဆိုသည် ကို ဖွင့်၍ ထားသော သူ၏ မျက်ဝန်းများကို မှေးမှိတ်လိုက်ခြင်းဖြင့် သက်သေပြလိုက် လေတော့သည်။ အချိန်နှင့် ဒီရေသည် လူကို မစောင့်ဟူသော စကားအတိုင်းပင် ဖြစ်သည် နေက တဖြည်းဖြည်း ပို၍ ပို၍ ပူပြင်း လာသော်လည်း ထိုလူငယ်မှာ မူကား အနည်းငယ်မျှပင် မလှုပ်ရှားပါချေ။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြီး နောက်ဆုံး သူရိယ နေမင်းကပင် ထိုလူကို အရှုံးပေးလိုက် ဟန်ဖြင့် သူ၏ တာဝန်ကို ဆောင်ရွက် ပြီးစီးကြောင်း သက်သေပြကာ အနောက်အရပ်သို့ တိုးဝင် ပျောက်ကွယ် သွားခဲ့လေပြီ ဖြစ်သည်။

"ကျိုး ကျရီး ..."

ကောင်းကင်မှ အိပ်တန်းဝင် ပျံသန်း လာဟန်ရှိသော သိမ်းငှက် တစ်ကောင်၏ အော်မြည်သံကြောင့် လူငယ်၏ မျက်ဝန်းများ ဖွင့် လာလေသည်။

"ဗိုက်ဆာလိုက်တာ အရမ်းပဲ ..."

တစ်နေ့တာလုံး တည်ငြိမ် နေခဲ့သည် မှာ သူမဟုတ်သည့် ပမာ တစ်ကိုယ်တည်း ကလေးဆန်စွာ ရေရွတ် လိုက်ပြီးနောက် မတ်တတ် ထရပ်လိုက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက် လှည့်ပတ် အကဲခတ် လိုက်လေသည်။ ထို့နောက် အရှေ့ဘက် အရပ်သို့ မျက်နှာမူကာ ဒူးထောက် လိုက်လေသည်။

"အသံ ထင်ရှားပြပေးပါ ဆရာ သခင်ဘိုးဘိုး ..."

သူ၏ စကားသံမှာ အေးဆေး တည်ငြိမ်စွာ ထွက်သွားပြီး အော်ဟစ်၍ ပြောလိုက်ခြင်း မဟုတ်သော်လည်း အတော်ဝေးဝေးထိ အနိမ့်အမြင့် မရှိ ကြင်လင်စွာ ထွက်ပေါ် သွားလေသည် ။ ထိုခဏမှာ ပင် အဝေးကလိုလို အနီးမှ လိုလိုဖြင့် မှန်းစဖို့ အလွန် ခက်ခဲသော အသံတစ်ခုက သူ့ထံသို့ ပြန်၍ လွင့်ပျံ့လာသည် ။

"အရာရာ အောင်မြင်မှုကို ရရှိခဲ့ပြီပဲ လူကလေး ဘိုးဘိုးကို မတွေ့ချင်ပါနဲ့ တော့ လူကလေးဟာ ငယ်စဉ်တောင်ကျေး ကလေး ဘဝကတည်းက ဂန္ဓာရီ ပညာရပ် တွေကို လိုက်စား ကျင့်ကြံခဲ့ရသူ ဖြစ်တယ်။ လောကကိုယ် ခရီးဆန့် ပါတော့ကွယ် ..."

ဒူးထောက်ထားသော လူငယ်လေးမှာ ဘာမှ ဆက်လက်၍ မေးမြန်းခြင်း ပြောဆိုခြင်း မပြုတော့ဘဲ အရှေ့အရပ်ဆီသို့ ဦးသုံးကြိမ် ချလိုက်ပြီး ကိုယ်ကို ပြန်မတ်လိုက်ကာ တောင်အောက်သို့ အေးဆေးစွာဖြင့်ပင် ဆင်းသက် သွားလေသည် ။ အချိန်ကား ညသို့ ချဉ်းနင်း ဝင်ရောက်ပေပြီ။

ပလွေသံ တစ်ခုက ငြိမ့်ညောင်း သာယာလှစွာဖြင့် တစ်တော တစ်တောင်လုံးကို လွှမ်းခြုံ ထားလေသည် ။ ထိုသံစဉ်မှာ တစ်ခါ တစ်ခါတွင် လွမ်းဆွတ်ဖွယ် တစ်ခါ တစ်ခါတွင် ပျော်ရွှင်ဖွယ် တစ်ချက် တစ်ချက်တွင် အမုန်းတရား ဒေါသတို့ ကို ဖြစ်ပေါ် လာစေပြီး ဘယ်အရပ်မှ ထွက်ပေါ် နေသည် ကို မှန်းစရ ခက်စေ၏။ ရှမ်းတောင်တန်းကြီးများက မြူခိုးများ ရစ်သိုင်းနေကာ မိုးထိလုဟူ၍ တင်စားလောက်အောင် မြင့်မားလွန်းလှ ခြင်းကြောင့် လည်း ဖြစ်ပေမည်။ တကယ်တမ်း ထိုပလွေသံမှာ တောင်ထိပ်များမှ ထွက်ပေါ် လာခဲ့ခြင်း မဟုတ်ပါဘဲ တောင်ခြေရင်း ဂူအတွင်းမှ ထွက်ပေါ်နေခြင်း ဖြစ်ပေသည် ။

" လုံမလေး မရဏလောက သံစဉ်ကို ဖော်ကျူး နေပြန်ပြီလား ..."

အသံတစ်ခု ထွက်ပေါ် လာသောအခါမှ ပလွေသံမှာ တိတိရိရိ ရပ်တန့်၍ သွားလေသည် ။

"ဟုတ်တယ် ကျွန်မသားကောင် တွေ့ထားလို့ ညို့ငင် ခေါ်ဆောင် နေတာပါ ..."

ပုလွေ သံစဉ်အား ဖန်တီးနေသူမှာ အမျိုးသမီးတစ်ဦး ဖြစ်နေကာ သူမ၏ မျက်နှာမှာ အတော်ပင် အရုပ်ဆိုး အကျည်းတန် လေသည် ။ သို့သော် ထိုမျက်နှာနှင့် မလိုက်ဖက်လှစွာ အလွန် ကြည့်ကောင်းသည် ။ ကိုယ်လုံး ဖြောင့်စင်း ရှည်လျားသော ဆံသားတို့ အား ပိုင်ဆိုင်ထားလေ၏။ မေးမြန်း လာသူမှာ ကား ခေါင်းတုံး ပြောင်ပြောင်ဖြင့် ဝဖိုင့်သော ကိုယ်လုံးကို ပိုင်ဆိုင်ထားသော လူကြီး တစ်ဦးပင် ဖြစ်သည် ။

"လုံမလေး ကဝေစုန်း မျိုးဆက်မှာ ခုနှစ်ဆက်မြောက် အစွမ်းထက်ဆုံး ကဝေအဖြစ် လုံမလေးဟာ မွေးဖွား လာခဲ့တယ်။ ခုပညာအဆင့် ဘယ်အထိ ရှိနေပြီလဲ ..."

အကျည်းတန် မိန်းကလေးက ပြုံး လိုက်လေသည် ။ ထိုအခါမှ သူမ၏ မျက်နှာမှာ ပို၍ ပင် ကြောက်မက်ဖွယ် ကောင်းသွားရလေ၏။

"ခု ကျွန်မက လူတစ်ယောက်ရဲ့ အမည်နာမကို သိရုံနဲ့ ဖမ်းစားနိုင်တဲ့ ကဝေမှော် အဆင့် ရှိနေသလို ကျွန်မရဲ့ အချစ်အမုန်း ပလွေသံစဉ်ကို သမာဓိ အားကောင်း လှပါတယ် ဆိုတဲ့ ဆရာတွေတောင် ခုခံနိုင်မှာ မဟုတ်ဘူး ..."

လူကြီးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီးနော် မိန်းကလေးအား ...

"ခုလုံမလေး လှမ်းညှို့ယူလိုက်တဲ့ သားကောင်က ..."

"မိန်းကလေး တစ်ယောက်ပါ ခဏနေရင် သူမ ရောက်လာတော့မယ် ..."

မိန်းကလေး၏ စကားသံ အဆုံးလေးမှာ ဂူဝသို့ ဆယ်ကျော်သက် အရွယ် ကောင်မလေး တစ်ယောက် ဝင်ရောက် လာသည် ကို မြင်ရလေသည် ။ ယင်းကလေးမလေးမှာ ခြေတစ်လှမ်းချင်း လှမ်းဝင် လာသော်ငြားလည်း စိတ်ညှို့ခံရသူပမာ ဘယ်ကိုမှ မကြည့် ကြောက်ရွံ့ဟန်လည်း မရှိပါဘဲနှင့် ရဲရဲတင်းတင်းပင် လှမ်းဝင်လာခြင်း ဖြစ်သည် ။

"ဟင်း ဟင်း ..."

ဂူထဲရှိ မိန်းကလေးက ရယ်မောလိုက်ပြီး သူ၏ လက်တစ်ဖက်ကို ဆန့်ထုတ် လိုက်သော အခါတွင် ထိုလက်မှာ ရှည်လျား ထွက်သွားပြီး ကလေးမလေးအား ဆွဲယူရန် အဆင်သင့် ဖြစ်ကာ ဆွဲခေါ် လိုက်လေသည် ။

"ဟင် ..."

အမျိုးသမီးမှာ ဟင်ခနဲ ဖြစ်သွား ရလေသည် ။ အကြောင်းမှာ ကား သူ၏ လက်မှာ လေကိုသာ ဖမ်းဆုပ် လိုက်မိသည် ဖြစ်သောကြောင့် ပင်။ ထို့ကြောင့် သေချာ ကြည့်လိုက်မိသော အခါတွင် အဖြစ်မှန်အား သူမ သိရှိလိုက် ရလေသည် ။ ဂူအတွင်း ဝင်လာသော မိန်းကလေးငယ်အား လူတစ်ယောက်က လက်တစ်ဖက်တည်းနှင့် ထွေးပွေ့ ချီမထားပြီး ထိုကလေးမလေး ပုံသဏ္ဍာန်မှာ နှစ်ခြိုက်စွာ အိပ်မော ကျနေသည့် ပမာ အပြစ် ကင်းစင်စွာ သတိမေ့နေချေပြီ။

"ရှင်ဘယ်သူလဲ ဒီနေရာကို ဘယ်လို ရောက်ရှိလာသလဲ ..."

ထိုအခါမှ ကလေးမလေးအား ငုံ့ကြည့်နေသော ထိုလူမှာ သူ၏ မျက်နှာအား အမျိုးသမီးနှင် ခေါင်းတုံး လူကြီးဘက် လှည့်ကြည့်လာသည် ။ ယောကျ်ား ပီသလွန်းပြီး ခန့်ညား ချောမောလှသည့် လူငယ်တစ်ဦး ဖြစ်နေသောကြောင့် ရုတ်တရက် မှ င်တက်သွားမိ ကြရလေသည် ။

"သံစဉ်ညို့ ကဝေစုန်း မျိုးဆက်နွယ်နဲ့ မိစ္ဆာတောင် လိပ်တို့ ပါလား ..."

"ဟင် ... ဟာ ..."

လူငယ်၏ စကားကြောင့် နှစ်ယောက်စလုံး အသီးသီး အသံများ ထွက်လာကာ တစ်ယောက်ကို တစ်ယောက်ကြည့်မိ ကြလေသည် ။

"မင်းက ငါတို့ ကို ဘာတွေ ဆိုတာတောင်မှ သိနေတာပါလား ကောင်ကလေး ..."

ခေါင်းတုံးဖြင့် ဝဝဖိုင့်ဖိုင့် လူကြီးက မေးမြန်း ပြောဆိုရင်း အကဲခတ်လိုက်၏။

"ကျုပ်ရဲ့ မျက်လုံးကို လှည့်စားနိုင်တဲ့ မိစ္ဆာမရှိ သလောက် ရှားမှာ ပါလေ ..."

"ကဲပြောစမ်း ဒါဆို မင်းက ဘယ်သူလဲ ..."

"ကျုပ်က ခရီးသွား တစ်ယောက်ပါပဲ အမည်ကတော့ ဧည့်သည် ..."

"ဘာ ..."

မိန်းကလေးမှာ မည်သို့မျှ ဖြစ်မသွားသော်လည်း မိစ္ဆာတောင်လိပ်၏ ဘာဆိုသော အသံတွင် အံ့ဩမှု ထိတ်လန့်မှု ကြောက်ရွံ့မှုတို့ က တွဲကပ်ပါ နေလေသည် ။

"ဦးကြီးလိပ် သူ့ကို သိလို့ လား ကျွန်မကို ပြောပြ ..."

"သိတော့ မသိဘူး လုံမလေး ဒါပေမဲ့ ကျုပ်ကြားဖူးတဲ့ ဒဏ္ဍာရီက လာခဲ့သူ ကောင်လေးဟာ သူမဖြစ်ပါစေနဲ့ ဘဲ ဆုတောင်းရတော့မယ် ... "

"ဘယ်လို ဒဏ္ဍာရီက လာတဲ့ သူ ဟုတ်လား ဦးကြီးလိပ် ..."

"ဟုတ်တယ် လုံမလေး စာဆိုတစ်ခု ရှိခဲ့ဖူးတယ် ..."

"ပြောပြနိုင်မလား ..."

မိစ္ဆာတောင်လိပ်ဆို သူလူကြီးက ရှေ့မလူငယ်ကို အကဲခတ် လိုက်၏ ။ ထိုလူငယ်က အေးဆေးစွာ ရပ်လျက် ရှိနေသေးသည် ကို မြင်ရမှ သူက ခပ်တိုးတိုး လေသံဖြင့် မိန်းကလေးကြား ရုံသာ ပြောဆိုလာ၏။

"ဒဏ္ဍာရီက လာသူဟာ ခရီးသွားမဲ့ ဧည့်သည် ပါ မိစ္ဆာပယ်ရှင်းရန် နှိမ်နင်း လောကတစ်ခွင် ခြေဆန့်ရင်း နေရယ်လရယ် ခုနှစ်စင်ကြယ် ထာဝရသာ ကူညီတယ်။ မွေးဖွားလာရ ငယ်ဘဝ မိနဲ့ ဖခင် မသိရ သူ့ရဲ့ ပညာဒီကမ္ဘာ တုရာ ပြိုင်ဘက် မရှိပါတဲ့ ..."

"မဖြစ်နိုင်တာတွေ ..."

မိန်းကလေးက ခပ်ဆတ်ဆတ် အော်ဟစ်လိုက်ပြီး ချက်ချင်းပင်လျှင် လူငယ်ဘက် လှည့်ကြည့်လိုက်ပြီး။

"ငါ့အလုပ်ကို ဝင်နှောင့်ယှက်တဲ့ နင်ကောင်မလေးထက် အရင် သေရမယ်ဟေ့ ..."

ပြောရင်း အပေါ်သို့ ခုန်လိုက်သော အခါတွင် သူမသည် ကား လက်သည်း ခြေသည်း ရှည်ကြီးများ ဖြင့် ကြောက်မက်ဖွယ် ကောင်းသော သ

တ္တဝါဆန်း တစ်ကောင်ပမာ ဖြစ်သွားလေသည် ။

"ခွီး ခွီး ခွီး ..."

သူမက အသံတစ်ခု ပြုလိုက်ရင်း လူငယ်ထံသို့ ပြေးဝင် လိုက်လေသည် ။ တိုက်ခိုက်မှုက လျှင်မြန်သလို ရောက်ရှိလာပုံက ရိပ်ခနဲ နေသည်ထိ မြန်ဆန်လွန်း လှသည် ။

"အား ..."

အော်သံတစ်ခု ထွက်ပေါ်လာကာ အမျိုးသမီးမှာ ပြန်လည် လွင့်လာ၏။ သူမက ရှေ့မှ လူငယ်အား မယုံကြည်နိုင်စွာ ကြည့်မိလိုက် လေသည် ။ ထိုလူငယ်က သူမအနီး ရောက်ရှိ သွားချိန်တွက် သူ၏ လက်ညှိုး လက်မကို တူတူကွေးကာ တစ်ချက် တောက်ထုတ် လိုက်သည် ။ မဟုတ်ပါလား ထိုအခါ အလွန် ပူပြင်းသော အရာတစ်ခုက သူမအား ဆီးကြို၍ တွန်းထုတ် ရိုက်သည့် ပမာ ခံစားရပြီး သူမ ပြန်လွင့်လာခြင်း ဖြစ်လေသည် ။

"လုံမလေး လုံမလေး ဘယ်လို နေသေးသလဲ ..."

လူဝကြီးက ပြေး လာပြီး မေးမြန်းရင်း လူငယ်အား ဒေါသ မျက်လုံးများ ဖြင့် စူးစိုက် ကြည့်ရှုလိုက်ကာ။

"မင်းက လုံမလေးကို နာကျင်အောင် လုပ်ရဲတယ်ပေ့ါ ... ဟား ဟား ဟား ဟား ... ဟား ဟား ဟား ဟား ..."

လူဝကြီးမှာ မေးရင်း ဟားတိုက် ရယ်မောလိုက်ရာ ဂူတစ်ခုလုံး သိမ့်သိမ့်ခါ၍ တုန်လှုပ်လာကာ လေများ လည်း တဟူးဟူး တိုက်ခတ် လာလေသည် ။ ထိုခဏမှာ ပင် လူငယ်က။

"တိတ်စမ်း ..."

အော်ဟစ်လိုက်သည့် ခဏ လူဝကြီး၏ ရယ်မောသံများ ရပ်တန့်သွားပြီး သူ၏ နားနှစ်ဖက်မှ သွေးများ ယိုစီးကျ လာလေသည် ။ ထူးခြားသည် မှာ ကလေးမလေးနှင့် မိန်းကလေး အတွက်မူ လူငယ်၏ အော်ဟစ်သံမှာ သာမန် အော်ဟစ်မှုမျိုးဟု သာ ထင်ရခြင်း ဖြစ်သည် ။

"လုံမလေး ဦးကြီးတို့ တကယ် ကံဆိုးခဲ့ပြီ သူဟာ ဒဏ္ဍာရီလာ ဧည့်သည် ပါပဲ ..."

ထိုစကားမှာ လူဝကြီး၏ နောက်ဆုံး ပြောသွားသော စကားတစ်ခွန်းပင် ဖြစ်လေသည် ။ အကြောင်းမှာ ထိုစကား ပြောကြားပြီး သွားသည် နှင့် လူဝကြီးမှာ ရှေ့သို့ ဝမ်းလျားမှောက် လဲကျသွားရကာ သူ၏ ကြီးမားသော ကိုယ်လုံးကြီးမှာ တဖြည်းဖြည်း သေးသွားရကာ နောက်ဆုံးတွင် အတန်ငယ် ကြီးမားသော လိပ်တစ်ကောင်ပုံသာ ဖြစ်တည် သွားသည် ။ သို့သော်လည်း ထိုလိပ်မှာ သေဆုံးခဲ့ပြီး ဖြစ်လေသည် ။

"ဦးကြီး ဖြစ်ရလေ ဦးကြီးရယ် ..."

အမျိုးသမီးမှာ မချိတင်ကဲ ရေရွတ်လိုက်ရင်း လူငယ်အား နီရဲသော မျက်လုံးကြီးများ ဖြင့် ကြည့်ရှု လာလေသည် ။

"ကဝေစုန်း အမျိုးသမီး ဒီတစ်နှစ် အတွင်းမှာ ခင်ဗျား ညှို့ယူ သတ်ဖြတ် စားသောက်ခဲ့ သူက မနည်းတော့ဘူး။ မိစ္ဆာ တောင်လိပ်ဟာလည်း သတ်ဖြတ်ခဲ့တာ များ ခဲ့ပြီ ဒီတော့ ခင်ဗျားတို့ ရဲ့ အပြစ်တွေ ပေးဆပ်ဖို့ အချိန် ရောက်ပါပြီ ..."

"ဟင်း ဟင်း ရှင်ဟာ ဘယ်လိုလူမျိုးပဲ ဖြစ်ပါစေ။ ကျွန်မရဲ့ ပလွေသံကိုတော့ ခုခံ အန်တုနိုင်မယ် မထင်ပါနဲ့ ..."

အမျိုးသမီးက ပြောဆိုလိုက်ရင်း သူ၏ လက်အား တစ်ချက် လှုပ်လို

က်ရာ ပလွေ တစ်လက်က သူမလက်ထဲ ပါ လာပြီး ချက်ချင်းပင် နှုတ်ခမ်းတွင် တေ့ကာ သံစဉ်တစ်ခုကို ဖန်တီး လိုက်လေသည် ။

"မရဏာလောက သံစဉ် ..."

လူငယ်က နှုတ်မှ ပြောဆိုလိုက်စဉ်မှာ သူ၏ ကိုယ်မှာ တစ်ချက်မျှ တုန်သွား၏။ ထိုအချိန် ပလွေသံက ပို၍ စူးရှလာကာ လူငယ်မှာ ငိုင်တိုင်တိုင်ပင်လျှင် ဖြစ်သွားရလေသည် ။ ပလွေသံစဉ်က ခပ်မြူးမြူးသို့ ပြောင်းလဲသော အခါ လူငယ်ငယ် လက်အတွင်းမှ အိပ်ပျော် နေရှာသေးသည့် မိန်းကလေးငယ်ကို ချကာ ကခုန်နေလေသည် ။ အချိန်အနည်းငယ် ကြာသောအခါ ပလွေသံက ကြေကွဲ လွမ်းဆွတ်ဖွယ်ရာ ဆီသို့ ပြောင်းလဲသွားလေသည် ။ ထိုအခါတွင် ကခုန်နေသော လူငယ်မှာ ရပ်တန့် သွားရကာ သူ၏ မျက်ဝန်းမှ နေ၍ မျက်ရည်များ ပင် ဝေ့ဝဲ လာလေသည် ။ ထိုအခိုက်အတန့် လေးသည် ကား အမျိုးသမီးမှာ လူငယ်ထံ တရွေ့ရွေ့ တိုးကပ် လာပြီး လူငယ် လည်တိုင်အား ဖောက်ရန် ပလွေမှ အလွန် ချွန်ထက်သော အရာတစ်ခုက လျင်မြန်စွာဖြင့် တိုးဝင် လာလေတော့သည် ။

***